mgyoe.com


# ငါးကပေးသော သင်ခန်းစာ

ခင်မောင်ညို(ဘောဂဗေဒ)

# BIG FISH EAT SMALL FISH

## LENSES TO SEE THE WORLD

Low Guat Tin, Ng Pak Tee, Janice Baruch



mgyoe.com

mgyoe.com




ငါးများ၏

ပြုမူလှုပ်ရှားပုံမှတစ်ဆင့်

အစဉ်အလာဟောင်းကို စွန့်ရဲခြင်း၊

ကိုယ်လုပ်ရမယ့်အရာကို သိခြင်း၊

ရည်မှန်းချက် အပျက်မခံခြင်း၊

စိမ်ခန့်ခွဲတတ်ခြင်းနှင့်

အောင်မြင်မှု၏ အတိုင်းအဆ

kmn0014

600.00 Ks

mgyoe.com

mgyoe.com

ငါးကပေးသောသင်ခန်းစာ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၁၆၀၀၅၀၃ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၈၂၀၀၆၀၈ တို့ဖြင့်


မျက်နှာဖုံးဒီဇိုင်းကို ဣ.ဒ.ဝ ပြုလုပ်၍ ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ်အဖြစ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၆ ခု၊ ဒီဇင်ဘာလတွင် တန်ဖိုး ၆၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် · ကိုမြင့်

mgyoe.com

mgyoe.com

ပုံပြင်ကလေးက ဒီလိုပါ။
ဒါကတော့ ငါးကြီးတစ်ကောင်ပေါ့။



mgyoe.com


mgyoe.com


ပြီးတော့ ဒီမှာ ငါးသေးသေးလေးတစ်ကောင်။



mgyoe.com


mgyoe.com

ငါးကြီးတွေက ငါးသေးသေးလေးတွေကို စားကြတယ်။ ဒါဟာ တကယ့်ဖြစ်ရပ်နော်။ အထင်တစ်ခုမဟုတ်ဘူး။ သဘောတူရဲ့လား။

mgyoe.com

mgyoe.com

အစတုန်းကတော့ ဒီလို မဟုတ်ပါဘူး။ ရှေးရှေးတုန်းကတော့ ငါးတွေဟာ အချင်းချင်းမစားကြဘူး။ သူတို့ဟာ အသီးအရွက်တွေကိုပဲ စားတဲ့ သက်သတ်လွတ်သမားတွေ။ သူတို့စိုက်တဲ့၊ ပြီးတော့ ခူးဆွတ်လို့ ရတဲ့ ရေမှော်ပင်တွေကိုပဲ စားကြတယ်။ အနီးအနားမှာ ရေမှော်ပင်တွေက အများကြီး။ ပိုပိုလျှံလျှံ ရှိနေလေတော့ ငါးတွေက အေးအေးဆေးဆေး ပေါ့ပေါ့လျော့လျော့ဖြစ်လာပြီး ရေမှော်ပင်တွေကို မစိုက်ကြတော့ဘူးတဲ့။


မျိုးဆက်ပေါင်းများစွာ ကြာတဲ့အထိ ဘာမှမပြောင်းလဲသေးပါဘူး။ ဘဝဆိုတာကို သက်သောင့်သက်သာပဲ ဖြတ်သန်းကြတယ်။

ငါးနဲ့ တခြားရေသတ္တဝါတွေ၊ ပင်လယ်မှာနေတဲ့ သတ္တဝါတွေဟာ ပုံပန်းသဏ္ဌာန်နဲ့ အရောင်အဆင်း ကွာခြားပေမဲ့ သူတို့အားလုံးဟာ မိသားစုကြီးတစ်ခုလို ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြတယ်။ မျိုးနွယ်ခွဲခြား ဆက်ဆံတယ်ဆိုတာ သူတို့လောကမှာ မရှိဘူးတဲ့။


mgyoe.com

mgyoe.com


ကဲ... ပြောပြမယ်။




အပေါ်ပုံမှာ ဒီငါးကြီးရဲ့နာမည်က ဆီဇာတဲ့။ ငါးတော့ ငါးကြီးပဲ။ ဒါပေမဲ့ သိပ်အကြီးစားကြီး မဟုတ်ဘူးပေါ့။ သူက တစ်နှစ်သားပဲရှိသေးတာ။



နောက် ဒီမှာ ငါလေးတစ်ကောင်၊ ဒါပေမဲ့ သိပ်ခေတဲ့ကောင်တော့ မဟုတ်ဘူးနော်။ တကယ်တော့ သူဟာ သူ့အုပ်စုရဲ့ခေါင်းဆောင်။ ပြီးတော့ သူက အဘိုးအိုငါးတစ်ကောင်၊ သူ့မြေးရဲ့နာမည်က ဘာဂါတဲ့။ ဘာဂါ ဆိုတာက စောစောကပြောတဲ့ ဆီဇာရဲ့သူငယ်ချင်းပေါ့။

mgyoe.com

mgyoe.com






နှစ်ပေါင်းများစွာက အဘိုး၊ အဘွားတွေ နှစ်ပေါင်းများစွာက လုပ်လာခဲ့ကြသလို ဆီဇာနဲ့ သူ့သူငယ်ချင်းတွေဟာ အမြဲတမ်းအတူကစားကြတယ်။ ကျောင်းအတူသွားဖို့တော့ တစ်ခါမှ မစဉ်းစားမိကြဘူးတဲ့။

ငါးတွေဟာ ကျောင်းမတက်ရပေမဲ့ ဂဏန်းသင်္ချာတော့ အနိုင်သား။ သူတို့ဟာ အဆပေါင်းများစွာ တိုးပွားလာနိုင်ကြတယ်။ အထူးသဖြင့် ငါးလေးတွေက ပိုပြီးအဆများစွာ တိုးပွားလာကြတယ်။ ငါးကြီးတွေထက် ငါးလေးတွေ အရေအတွက် ပိုများလာ၊ ပိုတိုးလာတာဟာ ဒီပုံပြင်လေးကို ဖြစ်စေတာပဲ။

mgyoe.com

mgyoe.com

ငါးလေးတွေက ငါးကြီးတွေထက် အဆပေါင်းများစွာ တိုးပွားလာနိုင်တယ်။ ဒီတော့ ဘာဖြစ်သလဲ။ ငါးလေးတွေရဲ့ အရေအတွက်က ငါးကြီးတွေထက် အများကြီးများနေတော့တာပေါ့။

ငါးတွေရဲ့အရေအတွက်၊ ငါးဦးရေက ပေါက်ကွဲသလို တိုးလာပေမဲ့ ဘယ်သူကမှ စားနပ်ရိက္ခာအတွက် ကြောင့်ကြမနေကြဘူး။ ငါးတိုင်းငါးတိုင်းဟာ တစ်သက်လုံး စားစရာရှိနေမယ်လို့ ထင်ကြတယ်။ ဒါကြောင့် ထပ်မစိုက်ဘူး။ ဝါးလိုက်၊ မျိုလိုက်နဲ့ဆိုတော့ အစားအစာတွေ ရှားပါးလာတယ်။


ဒီတော့ မလွဲမရှောင်သာတဲ့ဖြစ်ရပ်တွေ ဖြစ်လာတယ်။ တစ်ယောက်နဲ့ တစ်ယောက် မတည့်တာတွေ၊ မယုံကြည်တာတွေ ဖြစ်လာတယ်။

ဘာဖြစ်လို့ အခုလိုဖြစ်ရတယ်ဆိုတာ မေးနေစရာ လိုသေးသလား။

အနည်းစုဖြစ်တဲ့ ငါးကြီးတွေက အများစုဖြစ်တဲ့ ငါးလေးတွေကို ကိုယ့်ခွဲတမ်းထက် ပိုစားရကောင်းလားလို့ အပြစ်တင်လာကြတယ်။ ငါးလေးတွေကလည်း ငါးကြီးတွေဟာ အစားသိပ်ကြီးရကောင်းလားလို့ အပြစ်တင်လာကြတယ်။ အဲဒီတော့...

mgyoe.com


mgyoe.com

အခုဆို ငါးတွေဟာ ပျော်ပျော်ရွှင်ရွှင်၊ အပူအပင်ကင်းကင်း မနေနိုင်ကြတော့ဘူး။ ခါတိုင်းလို ရောရောနှောနှောလည်း မနေနိုင်ကြဘူး။ ကိုယ်သာ မနေနိုင်တာမဟုတ်ဘဲ သားမြေးတွေကိုပါ တခြားငါးတွေနဲ့မရောဖို့ တားမြစ်လာကြတယ်။ အရောင်ကွဲတဲ့ငါးတွေ၊ အရွယ်အစားချင်းမတူတဲ့ ငါးတွေကို မယုံကြတော့ဘူးလေ။

ကဲ... ငါးတွေ မျက်လုံးပြူးပြီး ဟိုကြည့်ဒီကြည့် အမြဲတမ်း ဘာလို့ ကြည့်နေရသလဲဆိုတာ အခုဆိုသဘောပေါက်ပြီ မဟုတ်လား။

mgyoe.com



ဆီဇာက အခုဆို စကားပြန်ပြောတတ်တဲ့အရွယ် ရောက်နေပြီ။ "ငါက ဘာဂါနဲ့ ဘာလို့မကစားနိုင်ရမှာလဲ။ ငါ သုံးရက်သားအရွယ် ကတည်းက ဒီကောင်နဲ့ ကစားလာတာပဲ"

ဆီဇာက သူ့အမေကို မေးကြည့်တော့ "မျိုးတူချင်းကစားပေါ့ သားရယ်"လို့ အမေက ဖြေတယ်။

ဘာဂါရဲ့အိမ်မှာလည်း ဒီလိုပဲဖြစ်တာ။ သူ့မိဘတွေက ငါးမျိုးတူချင်း ပေါင်းစေချင်ကြတယ်လေ။ သူကလည်း "ငါဟာ တစ်သက်လုံးက ဆီဇာနဲ့ ပေါင်းလာခဲ့တာ၊ အခုကျမှ ဘာဖြစ်လို့ မပေါင်းရ၊ မကစားရ တာလဲ"လို့ ငြင်းနေတယ်။

"ဒါ မတရားဘူးကွ"လို့ ငါးလေးတွေကပြောကြတယ်။ "လူကြီး (အဲ)ငါးကြီးအချင်းချင်း အဆင်မပြေတာနဲ့ ငါတို့ကို ပြဿနာရှာရသလား" လို့ ငါးလေးတွေက ပြောကြတယ်။ ဒါနဲ့သူတို့ဟာ အရင်ကလို လွတ်လွတ် လပ်လပ် မတွေ့ကြရပေမဲ့ မကြာခဏ ခိုးကြောင်ခိုးဝှက် တွေ့ကြတယ်။

**ငါးပေါက်စနလေးတွေကြားမှာတော့ သွေးမကွဲကြဘူး။**

mgyoe.com

mgyoe.com




သူကတော့ ငါးအဘိုးအို ငါးပညာရှိကြီး ဝစ်ဇ်တဲ့။ သူ့ကို ငါးတိုင်းက လေးစားကြတယ်။ ရပ်ရေးရွာရေးကို သိပ်ဂရုစိုက်တတ်တဲ့ ဒီငါးကြီးကတော့ အခုလိုဖြစ်နေတဲ့ ဖြစ်ရပ်တွေကို သဘောမကျဘူး။ နည်းနည်းလေးမှကို ဘဝင်မကျနိုင်ဘူး။ အခြေအနေတွေ သိပ်ဆိုးမသွားခင် တစ်ခုခုလုပ်မှဖြစ်မယ်။ ဒါပေမဲ့ ဘာလုပ်ရမှန်း မသိဘူးဆိုပြီး သက်ပြင်းတွေ ပဲချနေတယ်။

အသက်ကြီးလာရင် အချိန်စီးလာတယ်လို့ဆိုတယ် မဟုတ်လား။ ဝစ်ဇ်ကလည်း အသက်ကြီးလာတဲ့ငါး၊ အချိန်စီးလာတဲ့ငါး၊ ပညာရှိတဲ့ ငါးကြီးပေါ့။

mgyoe.com

mgyoe.com


ခေတ်ကောင်းတုန်းက ငါးတွေဟာ ရေမှော်ပင်တွေကိုစိုက်ကြတယ်။ ဘယ်လိုစိုက်ရတယ်ဆိုတာတွေ သူ ကြားဖူးခဲ့တယ်။ အဲဒါတွေကို သူ ပြန်ပြီးသတိရတယ်။ ဒါနဲ့ သူတစ်ကောင်တည်းပဲ ငါးတွေအားလုံးစားရအောင် ရေမှော်ပင်တွေစိုက်တယ်။ သူ လုပ်ရကျိုးနပ်ပါတယ်။ စားစရာတွေ ပြန်ပေါလာတယ်။

ငါးတိုင်းကတော့ ပျော်ပျော်ပါးပါးကြီးပေါ့။ သူများပျော်သလို မပျော်နိုင်တာက ဝစ်ဇ်ပေါ့။ သူက အတော်ပင်ပန်းနေပြီလေ။ ဒီအတိုင်းတော့ မဖြစ်သေးပါဘူး။ ရှေးစကားတစ်ခုကို ပြန်ပြီးသတိရလိုက်တော့ သူ အတော်ညံ့သေးတယ်ဆိုပြီး စိတ်ဓာတ်ကျသွားတယ်။

ငါးတစ်ကောင်ကို ရေမှော်တစ်ခက်ပေးရင် တစ်ရက်ပဲ သူ ဗိုက်ဝမယ်။ ရေမှော်ပင် ဘယ်လိုစိုက်ရတယ်ဆိုတာ သူ့ကို သင်ပေးထားရင် တစ်သက်လုံး ဗိုက်ဝမယ်။

mgyoe.com

mgyoe.com


ဒီလိုနဲ့ ငါးတွေအားလုံးကိုစုဝေးပြီး အစည်းအဝေးလုပ်တယ်။ ငါးကြီးတွေရော၊ ငါးလေးတွေရော အကုန်ဖိတ်တယ်။ ကိုယ့်အတွက် အစားအစာကို ကိုယ်တိုင်ထုတ်လုပ်ဖို့ ဧရာမမိန့်ခွန်းကြီးတစ်ခုပြောတယ်။ အစားတစ်လုတ်အတွက် တစ်ကောင်နဲ့တစ်ကောင် ချနေလို့မဖြစ်ဘူး။ ငါတို့အားလုံး ဝိုင်းလုပ်ကြရင် အစားအစာ ပြည့်စုံမယ်။ တစ်ကောင်ကို တစ်ကောင် ငဲ့ညှာရမယ်။ ဒါမှပဲ အရင်ကလို ငြိမ်းငြိမ်းချမ်းချမ်း ပြန်နေနိုင်မှာ။ တို့စိတ်တွေကို ပြောင်းဖို့ကောင်းပြီ။ ငါတို့အတွက်သာမက သားသမီးတွေ၊ မြေးမြစ်တွေအတွက်ပါ အောင်မြင်တဲ့ အဖြေတစ်ခုကို ရှာပေးနိုင်ရမယ်။


**"ခေါင်းပန်းလှန်ပြီး ခေါင်းကျရင် ငါ နိုင်တယ်။ ပန်းကျရင် မင်း ရှုံးတယ်ဆိုတဲ့စိတ်ဓာတ်မျိုး ဒီနေရာမှာ မရှိအပ်ဘူး"**

ဝစ်ဖ်က ဆက်ပြောတယ်။ "မင်းတို့ စားဖို့အတွက် ငါ တစ်ကောင်တည်းကိုပဲ အားကိုးမနေကြနဲ့။ ကိုယ့်ဟာကိုယ်လည်း လုပ်ကြဦး"

ပြီးတော့ အဘိုးအဘွားတွေလက်ထက်က ငါးအချင်းချင်း ရင်ပေါင်တန်းပြီး စားစရာတွေစိုက်ဖို့ ပူးပေါင်းဆောင်ရွက်ကြတာတွေကို သူ ပြောပြတယ်။ ပြီးတော့မှ "ဘယ်လိုစိုက်ရတယ်ဆိုတာ ငါ သင်ပေးမယ်" လို့ပြောပြီး နိဂုံးချုပ်သွားတယ်။

mgyoe.com

mgyoe.com

သူ့မိန့်ခွန်းကိုကြားရတော့ ငါးတွေဟာ အတော်လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ ရှက်လည်း အတော်ရှက်သွားတယ်။ ဒါနဲ့ ငါးအချင်းချင်း လက်ဆွဲနှုတ်ဆက်ကြတယ်။ (တကယ်တော့ ဆူးတောင်အချင်းချင်းထိ တာပါ။) တစ်ကောင်နဲ့တစ်ကောင် စကားပြောကြရင်း အများအကျိုး အတွက် ဘာလုပ်ရင်ကောင်းမယ်ဆိုတာ တစ်သဘောတည်း ထွက်လာ တယ်။

ငါးတွေအတွက် အခြေအနေ မဆိုးတော့ဘူးလို့ထင်လား၊ ထင် သလောက် မဟုတ်သေးပါဘူး။

**ငါးတွေက ချက်ချင်းကို အလုပ်ထလုပ်ကြတယ်။ အသည်း အသန်ကို လုပ်ကြတယ်။ ဒါပေမဲ့ ကောက်ရိုးမီးလိုပဲ၊ ကြာကြာ မလုပ်နိုင်ကြဘူးတဲ့။**

*

mgyoe.com

mgyoe.com





တစ်သက်လုံးက ပင်ပင်ပန်းပန်း မလုပ်ဖူးတော့ ရေမျော်ပင်တွေစိုက်ရတာ ပင်ပန်းတယ်လို့ ငါးတွေက ထင်လာကြတယ်။ လုပ်ရပ်နဲ့ မွန်မြတ်တဲ့ ရည်ရွယ်ချက်ကို မေ့ကုန်ကြတယ်။

ငါးတစ်အုပ်စုက နေရောင်အောက်မှာ အလုပ်လုပ်ရတာ ပင်ပန်းတယ်လို့ မြင်လာကြတယ်။ ဒါနဲ့ သူတို့က မြေအောက်ဂူထဲသွားပြီး ရေမျော်ပင်တွေ စိုက်ကြတယ်။

ပြီးတော့ နေပူကြီးထဲ ကြိုးစားပမ်းစား အလုပ်လုပ်နေတဲ့ ငါးတွေကို ကြည့်ပြီး ဟားကြတယ်။ ဒါပေမဲ့ သူတို့ ကြာကြာမရယ်နိုင်ကြဘူး။ မြေအောက်ဂူထဲသွားစိုက်တဲ့ ရေမျော်ပင်တွေဟာ နေရောင်မရလို့ သေကုန်ပါရောလား။

mgyoe.com

mgyoe.com

တခြား ငါးအုပ်တစ်အုပ်ကလည်း စိတ်မရှည်ဘူး။ ငါးအချင်းချင်း ခေါင်းချင်းရိုက်ပြီးတော့ ရေမှော်တွေ အရှည်မြန်မယ့် "ငါးနည်း"ကိုရလာတယ်။ ရေမှော်ပင်တွေကို ဖြည်းဖြည်းချင်းဆွဲဆန့်လိုက်ရင် ကြီးထွားလာတယ်လို့ သူတို့က ထင်ကြတယ်။ သူတို့ကလည်း ဒီနည်းကိုတွေ့တော့ သိပ်ဝမ်းသာကြတယ်။ သူတို့နည်းဟာ အလုပ်ဖြစ်တယ်လို့လည်း ထင်ကြတယ်။ အောင်ပွဲတွေ ဘာတွေတောင်ခံလို့။ ပြီးတော့ ရေမှော်ပင်တွေကို နည်းနည်းချင်း နည်းနည်းချင်း ထပ်ထပ်ပြီးဆွဲကြည့်တယ်။ ဒါပေမဲ့ အပင်တွေက ထပ်ကြီးမလာဘဲ သေကုန်တာတွေ့လိုက်ရတော့ သူတို့ စိတ်ပျက်ကုန်ကြတယ်။ သူတို့ရဲ့ ရောမတီထွင်မှုကြီးဟာ အလကားဖြစ်သွားတယ်လေ။

**ထင်တဲ့အတိုင်းပါပဲ။ ရေမှော်ပင်တွေ အပူမိပြီး သေကုန်ကြတာ။**

mgyoe.com